# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 9 , 2023 Volume 71, Number 6

၉.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၀ US$ |
| မြန်မာ့ရွှေဈေး | = ၃၃၈၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၅.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၂.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၆.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၃၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၇၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၂၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၇၉၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## စားသုံးသူကာကွယ်ရေး၊ ယှဉ်ပြိုင်မှုနှင့်မူပိုင်ခွင့်ဥပဒေဆိုင်ရာ အသိပညာပေး အစီအစဉ်သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြား



၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများအား UMFCCI ရုံးချုပ်၌တွေ့ဆုံ၍ ကုန်ဈေးနှုန်းတည်ငြိမ်စေရေး ပြည်တွင်းထွက်ကုန်များ ပြည်တွင်းဈေးကွက်ကို ထိခိုက်မှုမရှိစေဘဲ ပြည်ပသို့ ပုံမှန်တိုးမြှင့်တင်ပို့နိုင်ရေး၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (Commodity Testing and Quality Management–CTQM)နှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ရုံး၌ ကျင်းပ ပြုလုပ်သည့် စားသုံးသူကာကွယ်ရေး၊ ယှဉ်ပြိုင်မှုနှင့်မူပိုင်ခွင့်ဥပဒေဆိုင်ရာ အသိပညာပေးအစီအစဉ်သို့ တက်ရောက်အမှာစကားပြောကြားရာတွင် အစိုးရဌာန အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်ဥပဒေများအနက် စားသုံးသူကာကွယ်ရေးဥပဒေနှင့် မူပိုင်ခွင့်ဥပဒေတို့အား လေ့လာသိရှိ

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

နားလည်ပြီး အကျိုးရှိရှိအသုံးချနိုင်စေရန်နှင့် ယင်းဥပဒေများကို လိုက်နာကျင့်သုံးရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်နိုင်စေရန်တို့ရည်ရွယ်၍ အသိပညာပေးအစီအစဉ်ကို ကျင်းပပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ စားသုံးသူကာကွယ်ရေး၊ ယှဉ်ပြိုင်မှုနှင့်မူပိုင်ခွင့်ဥပဒေစသည့် ဥပဒေ (၃) ရပ်သည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်နေကြရာ၌ အဓိကထောက်တိုင်ကြီး (၃)ခု ဖြစ်ပါကြောင်း၊ ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေများအလိုက် ကော်မရှင်များနှင့်ဗဟိုကော်မတီများကိုလည်း အသီးသီးဖွဲ့စည်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ အဆိုပါဥပဒေ (၃) ရပ်ကို လိုက်နာဆောင်ရွက်ကြရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများ၊ လိုက်နာဆောင်ရွက် ရမည့်ကိစ္စရပ်များ၊ ရှောင်ကျဉ်ရမည့်ကိစ္စရပ်များကို သိရှိနားလည်နိုင်မည်ဖြစ်ပြီး ဥပဒေရရှိခံစားနိုင်သော အကျိုးရလဒ်များကို ရရှိခံစားနိုင်စေမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး သက်ဆိုင်ရာဥပဒေများအလိုက် ကျွမ်းကျင်ပညာရှင်များ တာဝန်ခံအရာထမ်းများက ဆွေးနွေးဟောပြောခဲ့ကြပါသည်။ ထို့နောက် အသိပညာပေးအစီအစဉ်သို့ တက်ရောက်လာသည့် အစိုးရဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းခြင်းအပေါ် အပြန်အလှန်ဆွေးနွေး ဖလှယ်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးသည် နေ့လည်ပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန်ရှိ ပြည်ပသို့တင်ပို့ရန် သန့်စင်ပြီးသံဖြူ (Tinconcentrate) ထုတ်လုပ်သည့် DS Myanmar Co.,Ltd ကုမ္ပဏီပိုင် သတ္တုသန့်စင်စက်ရုံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့် ဆောင်ရွက်နေပုံများအား လှည့်လည်ကြည့်ရှုကာ ဈေးကွက်တိုးချဲ့၍ ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေး ပြည်ပသို့ တင်ပို့ရာတွင် ဈေးကွက်နိုင်ငံ၏ လိုလားချက်နှင့်အညီတင်ပို့နိုင်ရေး၊ မြန်မာနိုင်ငံမှထွက်ရှိသော နိုင်ငံတကာအဆင့်မီပစ္စည်းများကို အလားအလာရှိသည့် နိုင်ငံတကာဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့်လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%

## ပြည်ပသို့ ယခုဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပုစွန်မက်ထရစ်တန်ချိန် ၅၀၀၀ ကျော်တင်ပို့နိုင်ခဲ့



မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပုစွန်မက်ထရစ်တန်ချိန် ၅၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦး၏ ပြောဆိုချက်အရ သိရသည်။

ဒီဘဏ္ဍာနှစ်စ ဧပြီလ ၁ ရက်ကနေ စက်တင်ဘာ လ ၃၀ ရက်အထိ ပြည်ပကို ပုစွန်မက်ထရစ်တန်ချိန် ၅၃၃၅ ဒသမ ၅၆၇ တန်တင်ပို့နိုင်ပြီး အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၉၂၇ သန်းရရှိပါတယ်ဟု ၎င်းက ပြောသည်။

ယခုဘဏ္ဍာနှစ်စ ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ခြောက်လတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန်ချိန် ၄၇၈၃ ဒသမ ၂၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၀၂၈ သန်းရရှိခဲ့ကာ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ် တန် ၅၅၂ ဒသမ ၃၂၇ တန်တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၂ ဒသမ ၈၉၉ သန်းရရှိသည့်အတွက် ပြည်ပသို့ ပုစွန်တင်ပို့မှု စုစုပေါင်းမက်ထရစ်တန် ၅၃၃၅ ဒသမ ၅၆၇ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉၂၇ သန်းရရှိခဲ့သည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူက ပြည်ပသို့ ပုစွန် တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၈၀၄၈ ဒသမ ၁၃၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၂၄၅ သန်းရရှိကာ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၅၇၈ ဒသမ ၈၁၈ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၃၄ သန်းရရှိသည့်အတွက် ပြည်ပသို့ ပုစွန်တင်ပို့မှုစုစုပေါင်း မက်ထရစ် တန် ၈၆၂၆ ဒသမ ၉၅၇ တန် တင်ပို့ခဲ့ကာ အမေရိကန် ဒေါ်လာ ၃၀ ဒသမ ၈၇၉ သန်းရရှိခဲ့သည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးစခန်းများမှလည်း တိုက်ရိုက် တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/46809

## မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ လယ်ယာထွက်ကုန်နှင့်ရေထွက်ကုန်များ အဓိကတင်ပို့လျက်ရှိ

မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ လယ်ယာထွက်ကုန်နှင့်ရေထွက်ကုန်များ အဓိကတင်ပို့နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်မှုအရ သိရသည်။

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အောက်တိုဘာလ လျာထားချက်မှာ ပို့ကုန်ဒေါ်လာ ၁ ဒသမ ၅ သန်း၊ သွင်းကုန်ဒေါ်လာ သုည ဒသမ ၀၃၀ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဒသမ ၅၃၀ သန်းဖြစ်ပြီး အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်ဒေါ်လာ သုည ဒသမ ၀၃၀ သန်း၊ သွင်းကုန် တင်သွင်းမှု မရှိသဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ သုည ဒသမ ၀၃၀ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် နှစ်ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့နေကြောင်းသိရသည်။ အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းမှာ ကွမ်းသီး သုည ဒသမ ၇ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၀၁ သန်း)၊ တညင်းသီး ငါးတန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၀၂ သန်း)၊ ငါးမြစ်ချင်း ၁၆ ဒသမ ၈ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၂၁ သန်း)၊ ငါးစုံလေးခြောက်နှစ်တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၀၁ သန်း)၊ စက်မှုကုန်ချောပစ္စည်းများ တင်ပို့ခဲ့ကြောင်း သိရသည်။

မောင်တောကုန်သွယ်ရေးစခန်းသို့ ကုန်ပစ္စည်းများဝင်ရောက်သည့် ကုန်သွယ်မှုလမ်းကြောင်းအနေဖြင့် စစ်တွေ-ဘူးသီးတောင်-မောင်တောလမ်းကြောင်းနှင့် စစ်တွေ-အင္ဂူမော်-မောင်တောလမ်းကြောင်းတို့ဖြစ်ပြီး ယခုအခါ စစ်တွေ-အင္ဂူမော်-မောင်တောလမ်းကြောင်းမှ ကုန်ပစ္စည်းများ အဓိကဝင်ရောက်လျက်ရှိပြီး ကညင်ချောင်းစီးပွားရေးဇုန်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

စစ်တွေမှ မောင်တောသို့ အတက်ကုန် ကားခတစ်ပိဿာ ကုန်ကျစရိတ်အနေဖြင့် ကုန်ကျစ်တစ်ပိဿာလျှင် ကျပ် ၇၀၊ ကုန်ပွတစ်ပိဿာလျှင် ကျပ် ၁၁၀ ဈေးရှိပြီး အဆင်းကုန်ကားခ ကုန်ကျစ်တစ်ပိဿာလျှင် ကျပ် ၅၀ နှင့် ကုန်ပွတစ်ပိဿာလျှင် ကျပ် ၈၀ ဈေးရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/254732

## မြန်မာနိုင်ငံ၏ အာဆီယံ-ကိုရီးယား လွတ်လပ်သောကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်လျှော့ချမှုအစီအစဉ် ထုတ်ပြန်

မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ဖြင့် ချိတ်ဆက်ထားသည့် မြန်မာနိုင်ငံ၏ အာဆီယံ-ကိုရီးယားလွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်လျှော့ချမှုအစီအစဉ်ကို အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်လိုက်သည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်နှုန်း ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ဖြင့် ကူးပြောင်းချိတ်ဆက်ထားသည့် မြန်မာနိုင်ငံ၏ အာဆီယံ-ကိုရီးယားလွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်လျှော့ချမှုအစီအစဉ် (Myanmar's Tariff Reducation Schedule With HS2022 Version under ASEAN-Korea Free Trade Area)ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

အဆိုပါအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀.၄. ၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၂၀ ကို ယခုအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အာဆီယံ-သြစတြေးလျ -နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်း လျှော့ချမှုအစီအစဉ်ကို အမိန့်ကြော်ငြာစာအမှတ် ၄၅/ ၂၀၂၃ ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်နှုန်း ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ဖြင့် ကူးပြောင်းချိတ်ဆက်ထားသည့် မြန်မာနိုင်ငံ၏ အာဆီယံ-သြစတြေးလျ-နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်းလျှော့ချမှုအစီအစဉ် (Myanmar's AANZ Tariff Reducation Schedule in HS 2022)ကို ထုတ်ပြန်လိုက်သည်။

အဆိုပါအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ် သြဂုတ် ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၂၀ ကို ယခုအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်ကြော်ငြာစာ အမှတ် ၄၄/၂၀၂၃ ဖြင့် မြန်မာနိုင်ငံ၏ အာဆီယံအကောက်ခွန်နှုန်း လျှော့ချ/ဖယ်ရှားမှုအစီအစဉ် ကိုလည်း ထုတ်ပြန်ထားသည်။

အာဆီယံဒေသတွင်း ကုန်ပစ္စည်းလွတ်လပ်စွာစီးဆင်းနိုင်ရေးအတွက် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်အပိုဒ် ၁၉ ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၄ ပါ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အာဆီယံစည်းဝါးညီအကောက်ခွန်နှုန်းအမည်ပေးစနစ် ၂၀၂၂ ဖြင့် ကူးပြောင်းချိတ်ဆက်ထားသော မြန်မာနိုင်ငံ၏ အာဆီယံအကောက်ခွန်နှုန်း လျှော့ချ/ဖယ်ရှားမှုအစီအစဉ် (Myanmar's ATIGA Tariff Reducation Schedule in AHTN 2022)ကို ထုတ်ပြန်လိုက်သည်။ အဆိုပါအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ် သြဂုတ် ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/254706

## ပြည်ပတင်ပို့နည်းသဖြင့် ပြည်တွင်းဆိတ်အရှင် ဈေးနှုန်းကျဆင်းနေ

ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်း၊ တရုတ်နိုင်ငံများသို့ တင်ပို့မှုနည်းသဖြင့် ပြည်တွင်းဆိတ်အရှင် ဈေးကွက်ကျဆင်းနေကြောင်း ဆိတ်မွေးမြူသူများထံက သိရသည်။

မိုးတွင်းကာလသည် နှစ်စဉ်ဆိတ်အရှင်ဈေးကွက် ကျဆင်းလေ့ရှိသည့်အပြင် ပြည်ပဝယ်ယူမှုအနည်းငယ် တန့်နေခြင်းကြောင့် ယခုကဲ့သို့ ဈေးနှုန်းကျဆင်းနေခြင်းဖြစ်ကြောင်း သိရသည်။ "ပြည်ပနိုင်ငံတွေက အဝယ်နည်းသလို ပြည်တွင်းမှာလည်း အဝယ်ကနည်းတော့ ဈေးတွေကျဆင်းနေတာဖြစ်ပါတယ်၊ ဒါကလည်းခဏပါပဲ၊ ပြည်ပဝယ်လိုအားကောင်းလာတာနဲ့ ဈေးနှုန်းပြန်ကောင်းလာမှာပါ"ဟု ဆိတ်အရှင်မွေးမြူသူတစ်ဦးက ပြောသည်။

ပြည်တွင်းဈေးကွက်အတွင်း လက်ရှိဈေးနှုန်းများမှာ တစ်ပိသာလျှင် ၈၀၀၀ ကျပ်နီးပါး ဈေးရှိကြောင်းသိရသည်။ ဆိတ်မွေးမြူရာတွင် ဆိတ်တစ်ကောင်မှာတစ်နှစ်လျှင် နှစ်ကြိမ်သားပေါက်ပြီး တစ်ကြိမ်လျှင် အများဆုံး ဆိတ်တစ်ကောင်မှ နှစ်ကောင်ပေါက်လေ့ရှိကြောင်း၊ ရံဖန်ရံခါမှသာ ၃ ကောင်ပေါက်လေ့ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံတွင်ဆိတ်အမျိုးအစားသုံးမျိုးရှိရာ ယင်းတို့မှာ ထိန်စမ်းမျိုး၊ ဂျိတ်နီမျိုးနှင့် ဝေသာလီဆိတ်မျိုးတို့ဖြစ်ပြီး ဆိတ်မွေးမြူရေးကို အညာဒေသတွင်ပိုမိုလုပ်ကိုင်ကြကြောင်းသိရသည်။

**Source:** မကွေးဂျာနယ်

## အသစ်ဝင်နှမ်းနက် အဝယ်သွက်နေသော်လည်း ပို့ကုန်ပဲနှင့် ပြည်တွင်းသုံးပဲမာလိုင်းများ ဈေးအေးနေ

အသစ်ဝင်ရောက်လာသည့် နှမ်းနက်မှာ တရုတ်လိုင်းအဝယ် သွက်နေသော်လည်း ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံး ပဲမာလိုင်းများ ဈေးအေးနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

အောက်တိုဘာလဆန်းပိုင်းတွင် အညာမြစ်ရိုးတစ်လျှောက်မှ နှမ်းနက်များအသစ်ဝင်ရောက်လာပြီး လက်ရှိပေါက်ဈေး မှာလည်း အမြင့်ဈေးထက် အနည်းငယ်လျော့ကျနေတာကြောင့်လည်း လှောင်လက်များ အဝယ်သွက်နေခြင်းဖြစ်သည်။

ပို့ကုန်ပဲများအပါအဝင် ပြည်တွင်းသုံးကုလားပဲအုပ်စု၊ ပဲမာလိုင်းများမှာ ဈေးအတက်အကျမရှိ ဈေးတည်ငြိမ် နေကြောင်း၊ စားအုန်းဆီ တင်သွင်းမှုလျော့ချမှုနှင့်အတူ ကုန်ဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်ချက်များကြောင့်လည်း ပြည်တွင်းမြေပဲဆီစက်များ ဝယ်လိုအားကောင်းနေတာကြောင့် မြေပဲဆန်မှာ အရောင်းအဝယ်ကောင်းနေခြင်းဖြစ်ကြောင်း လက်ရှိ အောက်တိုဘာလဆန်းပိုင်းမှာ အသစ်ဝင်ရောက်လာသည့် နှမ်းနက်မှာ ဈေးအကောင်းကြီးမဟုတ်သော်လည်း ထိုက်သင့်သည့် ပေါက်ဈေးနှုန်းတစ်ခုဖြစ်ကြောင်း ရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်ကပြောသည်။

"ပို့ကုန်ပဲတွေနဲ့ပြည်တွင်းပဲမာလိုင်းကတော့ ဈေးအေးနေပါတယ်။ အသစ်ဝင်နှမ်းနက်ကတော့ တရုတ်ကုန်သည်တွေ အဝယ်သွက်နေပါတယ်။ ပဲစင်းငုံကတော့ ပေါက်ဈေးသာရှိနေတာ အဝယ်ကောင်းကောင်းမရှိသေးပါဘူး။ ပြည်တွင်းဆီ လိုအပ်ချက်များနေတော့ မြေပဲဆီစက်တွေ ပြန်လည်ပတ်နေလို့ မြေပဲဆန်ကတော့ အရောင်းအဝယ်ကောင်းနေပါတယ်။ အခြား ပဲတွေကတော့ အသစ်ဝင်ခြင်းမရှိသေးသလို ဈေးကလည်းငြိမ်နေပါတယ်ဟု ၎င်းကပြောသည်။

အောက်တိုဘာ ၅ ရက်တွင် သုံးတင်းဝင် မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀ ပေါက်ဈေး၊ ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၇၃၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံးကုလားပဲ အုပ်စုမှာ ဈေးမြင့်တက်လာပြီး နှမ်းမျိုးစုံဈေးကွက်မှာ အနည်းငယ်ကျဆင်းသွားရာ စက်တင်ဘာ ၂၈ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ် ၂၇၃၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၁၀၀၀၊ ဇ၂၉ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ်၄၂၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀၊ ကျွန်းစားတော်ပဲတစ် အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ် ငွေကျပ် ၂၁၅၀၀၀၊ မြေပဲအနီလုံး ဆန်(ဝိုင်း)တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ပေါက်ဈေးရှိသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ယခင်သီတင်းပတ်ထက် သိသိသာသာ ဈေးကျဆင်းသွားရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ် လျှင် ငွေကျပ် ၃၇၀၀၀၀၊ နှမ်းညို(သစ်)တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ နှမ်းနက်စမုံတစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ငွေကြေးဖောင်းပွမှုနှုန်းကို လျော့နည်းခန့်မှန်းထား

ထိုင်းနိုင်ငံ၌ ယခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်း အမြင့်ဆုံးသည် ၁ မှ ၁ ဒသမ ၇ ရာခိုင်နှုန်းကြားရှိနိုင်ကြောင်း၊ ယခုနှစ် နှစ်ကုန်ပိုင်းတွင် ငွေကြေး ဖောင်းပွမှုကျဆင်းနိုင်ကြောင်း ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Poonpong Naiyanapakorn က ပြောကြားခဲ့ပါ သည်။

အသား၊ ကြက်သား၊ ပင်လယ်စာနှင့်ဟင်းခတ်အမွှေးအကြိုင် စသည့်အစားအစာဈေးနှုန်းများ၊ လျှပ်စစ်နှင့် ဒီဇယ်ဈေးနှုန်း များ ကျဆင်းနေသောကြောင့် အောက်တိုဘာလနှင့်စတုတ္ထလပတ်တွင် ငွေကြေးဖောင်းပွမှုနှုန်းသည် အကျဖက်တွင် ရှိနေနိုင် ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ နေထိုင်မှုကုန်ကျစရိတ်လျှော့ချစေရေးအတွက် ကုန်စည်ဈေးနှုန်း များကို နှစ်ကုန်ပိုင်းထိ လျှော့ချပေးခဲ့သည့်အစီအမံများကြောင့်လည်း ငွေကြေးဖောင်းပွမှုကျဆင်းရပါကြောင်း ၎င်းက ဖြည့်စွက် ပြောကြားခဲ့ပါသည်။

ခရီးသွားကဏ္ဍပြန်လည်ကောင်းမွန်လာခြင်းကြောင့် စားသုံးမှုမြင့်တက်လာခြင်းနှင့် ပို့ကုန်အခြေအနေများ၊ လယ်သမားများနှင့် အလုပ်သမားများ၏ ပျမ်းမျှဝင်ငွေမြင့်တက်လာခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်များအပေါ် အယ်လ်နီညိုရာသီဥတုအခြေအနေသက်ရောက်မှုများနှင့် ဘတ်ငွေတန်ဖိုးကျဆင်းနေခြင်းတို့သည် ငွေကြေးဖောင်းပွမှုနှုန်းအပေါ် သက်ရောက်လာနိုင်သောကြောင့် စောင့်ကြည့်ရန်လိုအပ်ကြောင်း သုံးသပ်အကြံပြုထားပါသည်။

ယခင်ခန့်မှန်းချက်သည် GDP တိုးတက်မှုနှုန်း ၂.၅-၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ဒူဘိုင်းရေနံစိမ်းဈေးနှုန်း ၁ စည်လျှင် အမေရိကန်ဒေါ်လာ ၇၅-၈၅ ဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေ လဲလှယ်နှုန်း ၁ ဒေါ်လာလျှင် ဘတ် ၃၄.၅-၃၅.၅ ဖြင့်လည်းကောင်း အခြေခံတွက်ချက်ထားခြင်းကြောင့် ၁-၂ ရာခိုင်နှုန်း ဖြစ်ခဲ့ပါကြောင်း၊ ယခုအခါ အစိုးရ၏ ကုန်စည်များအပေါ် ဈေးနှုန်းလျှော့ချပေးခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်း သက်သာလာခဲ့ခြင်းဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် ဒေသတွင်းရှိ ငွေကြေးဖောင်းပွမှုနှုန်း ထုတ်ပြန်ကြေညာခဲ့သည့် လာအို၊ ဖိလစ် ပိုင်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့်မလေးရှားတို့နှင့်နှိုင်းယှဉ်ပါက ငွေကြေးဖောင်းပွမှု နည်းပါးသောအုပ်စုတွင် ပါဝင်နေဆဲဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအများစု အထူးသဖြင့် ယူကေ၊ အီတလီနှင့် ဂျာမနီစသည့် ဥရောပနိုင်ငံများတွင် ငွေကြေးဖောင်းပွမှုနှုန်းသည် အကျဖက်သို့ ဦးတည်နေပါကြောင်း Mr. Poonpong က ပြောကြားခဲ့ပါသည်။

**Source: www.bangkokpost. gov**

**( စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_091020231159

## ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု စံချိန်သစ်တင်

ဗီယက်နမ်နိုင်ငံသည် ၂၀၂၃ ခုနှစ် ပထမ ကိုးလအတွင်း ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဆန်တင်ပို့မှုမှဝင်ငွေ စံချိန်သစ်တင်ခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအဆိုအရ သိရှိရသည်။

အဆိုပါကာလအတွင်း ဗီယက်နမ်သည် ဆန်တင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃.၆၆ သန်းရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄၀ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက အဆိုပါ ရလဒ်ကောင်းများကို အချက်နှစ်ချက်ဖြင့် သတ်မှတ်ခဲ့သည်။ ပထမအချက်မှာ ဗီယက်နမ်နိုင်ငံသို့ တင်ပို့သည့် ဆန်ဈေးနှုန်း မြင့်တက်မှုနှင့် ဒုတိယအချက်မှာ ပြန်လည်သုံးသပ်သည့်ကာလအတွင်း ဈေးကွက်အများအပြားတွင် ဆန်တင်ပို့မှု ကျဆင်းလာခြင်းကြောင့် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဗီယက်နမ်နိုင်ငံ၏ ပထမသုံးလပတ်တွင် ပြည်ပသို့ တင်ပို့သော ဆန်ဈေးနှုန်းသည် တစ်တန်လျှင် ၅၅၃ ဒေါ်လာအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်အလားတူကာလအတွင်း ပျမ်းမျှဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ၁၄ % တိုးလာခြင်းဖြစ်သည်။ အခြေခံအားဖြင့် ဗီယက်နမ်မှ တင်ပို့ရောင်းချသည့် ဆန်ဈေးသည် တစ်နှစ်ထက်တစ်နှစ် ၁၄% မြင့်တက်လာကြောင်း ညွှန်ပြနေသည်။

ပထမရှစ်လအတွင်း ဖိလစ်ပိုင်သည် ဗီယက်နမ်ဆန်ထွက်ကုန်များကို အများဆုံးဝယ်ယူခဲ့ပြီး စုစုပေါင်း ဆန်တင်ပို့မှု၏ ၄၀.၃% ရှိသည်။ ဗီယက်နမ်မှ ဆန်တင်ပို့မှု စုစုပေါင်း၏ ၁၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဗီယက်နမ်မှ ၁၂ ဒသမ ၄ ရာခိုင်နှုန်း အသီးသီး ဝယ်ယူသူအဖြစ် တရုတ်နှင့် အင်ဒိုနီးရှားတို့က ဒုတိယနှင့်တတိယ အသီးသီးရပ်တည်လျက်ရှိသည်။

စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ပို့ကုန်သွင်းကုန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး Tran Thanh Hai ၏ ပြောကြားချက်အရ ဖိလစ်ပိုင်၊ တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့်အာဖရိကတို့ကဲ့သို့သော အဓိကစားသုံးသည့် ဈေးကွက်များတွင် ဆန်တင်သွင်းမှု ဆက်တိုက်လိုအပ်နေခြင်းကြောင့် ယခုနှစ်ကုန်အထိ တင်ပို့သည့် ဆန်ဈေးနှုန်းမှာ မြင့်မားနေမည်ဟုမျှော်လင့်ထားကြောင်း၊ ၎င်းသည် အိန္ဒိယနှင့်ပါကစ္စတန်တို့ကဲ့သို့ ထိပ်တန်း ဆန်တင်ပို့သူများထံမှ ဆန်ထောက်ပံ့မှု အကန့်အသတ်နှင့် ယှဉ်တွဲနေကြောင်း သိရပါသည်။

အထူးသဖြင့် ဖိလစ်ပိုင်သည် နောက်ထပ် တန်ချိန် ၁.၁ သန်း တင်သွင်းရန်လိုအပ်ပြီး အင်ဒိုနီးရှားသည် ယခုနှစ်ကုန်တွင် တန်ချိန် ၂.၃ သန်း ဝယ်ယူရန် စီစဉ်နေသောကြောင့် ဗီယက်နမ်စားနပ်ရိက္ခာအသင်း (VFA) ဥက္ကဋ္ဌက ဆန်တင်ပို့မှုအတွက် လုံလောက်စွာရှိကြောင်း အလေးပေးပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ဆန်တင်သွင်းမှုလိုအပ်ချက်မှာလည်း ယခုနှစ်လက်ကျန်လများတွင် တိုးလာမည်ဟုခန့်မှန်းထားကြောင်းနှင့် ဆန်တင်ပို့သူများအနေဖြင့် ပို့ကုန်များပြည့်မီစေရန်အတွက် သင့်လျော်သောမဟာဗျူဟာများရှိရန် အကြံပြုထားကြောင်း သိရှိရပါသည်။

**Source : VN express**

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

https://myantrade.gov.mm/article/Naypyitawstp-091020231143

## STOCK EXCHANGE (9.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,889 (Shares) | 12,661,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 8,900 | 9,000 | 8,900 | 56 | 502,400 | 33,109,694 | 294,676 |
| MTSH | 00002 | 3,050 | +100 | +3.39% | 3,000 | 3,050 | 3,000 | 1,538 | 4,614,500 | 38,929,150 | 118,734 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 0 | 0 | 10,400,986 | 76,967 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 1,102 | 1,823,350 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 320 | 768,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,100 | +0 | +0.00% | 2,150 | 2,150 | 2,100 | 844 | 1,792,850 | 19,977,223 | 41,952 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 426 | 2,044,800 | 10,497,598 | 50,389 |
| MAEX | 00008 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 603 | 1,115,550 | 23,804,946 | 44,039 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 6th Oct. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.34 | +0.31 | +0.08% | 376.59 | 376.84 | 374.05 | 4,889 | 12,661,450 | 8 | 707,963 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 4,889 (Shares) | 12,661,450 (MMK) |

## Main Board

As of 1:00 pm, 6th Oct. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,889 (Shares) | 12,661,450 (MMK) |

| MYANPIX | 375.34 ▲ 0.31 |
|---|---|
| Total Volume (shares) | 4,889 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 707,963 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,050 | ▲ 100 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,100 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,850 | ▲ 0 |

TIR